
(၂) **ရိုးမည်းရောဂါ/ပင်စည်ကင်ကာရောဂါ (Stem canker)**

**ရောဂါဖြစ်စေသောသက်ရှိ**- *Leptosphaeria maculans* (Desm.) Ces. & de Not.

- *Phoma lingam* (Tode) Desm.

**ရောဂါလက္ခဏာများ**

ပင်စည်ပေါ်တွင် အညို/အနက်ရောင်ကွက်ပြောက် များကိုတွေ့ရသည်။ ရောဂါကွက် အလယ်တွင်အမဲရောင်အစက်ကလေးများတွေ့ရသည်။ မြေပြင် ကပ်လျှက် ရှိသော ပင်စည်ပိုင်းတွင် ခရမ်းရောင်အနားရစ်ပါသည့် အညိုဖျော့ရောင် အကွက်ရှည်များကို တွေ့ရသည်။ အမြစ်မွေး များလည်း ပျက်စီး သွားသည်။







**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရပင်ကြွင်းပင်ကျန်များကို မီးရှို့ဖျက်ဆီးပါ။
- မုန်ညင်းမုန်လာမျိုးရင်းဝင်မဟုတ်သော သီးနှံများနှင့် အလှည့်ကျစိုက်ပျိုးပါ။
- ရေဝပ်ပါကရောဂါပြင်းထန်စေသဖြင့် ရေမဝပ်စေရန် ဆောင်ရွက်ပါ။
- မျိုးစေ့လူးနယ်မှုသတ်ဆေးတစ်မျိုးမျိုးဖြင့်လူးနယ်စိုက်ပျိုးပါ။

- Difenoconazole (ဒိဖီနိုကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Thiophanate methyl (သိုင်အိုဖါနိတ်မိသိုင်း) ဆေးတို့ဖြင့် ပက်ဖျန်း ကာကွယ်နှိမ်နင်းနိုင်သည်။